www.thitsarparamisociety.com

# ကျေးဇူးတော်ရှင် မိုးလယ်ဆရာတော်ဘုရားကြီး
# ဘဒ္ဒန္တ သံဝရ



## အမေရိကန်နိုင်ငံ သန္တိသစ္စာ ဝိပဿနာရိပ်သာ
## LA တွင် (၁၆.၅.၂၀၀၅)နံနက်(၈)နာရီအချိန်၌
## ဟောကြားတော်မူသော
## ခန္ဓာညဏ်ရောက် ဒိဋ္ဌိဖြုတ် တရားတော်

www.thitsarparamisociety.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မိုးလယ်တောရ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သံဝရ ။
အမေရိကန်နိုင်ငံ သန္တိသုခ ဝိပဿနာရိပ်သာ LA တွင်
၁၃၆၇-ခု၊ကဆုန်လဆန်း ၉-ရက်၊တနင်္လာနေ့(၁၆.၅.၂၀၀၅)၊နံနက် (၈) နာရီအချိန် ၌
ဟောကြားတော်မူသော ခန္ဓာညာဏ်ရောက် ဒိဋ္ဌိဖြုတ်တရားတော်။

မာတိကာ။....။အမည်းလည်းမဟုတ်၊အဖြူလည်းမဟုတ်သောကံ+သားထိုးသည်+ရတနာတွေ မီးသွေး ဖြစ်သွားသော သူဌေး+ သံပရာသီး စွဲဖြုတ်+သုခ-ဒုက္ခ+အင်္ဂါတစ်ဆယ့်နှစ်ပါး သစ္စာဖွဲ့။

ဘုရားရှိခိုး၊ ဆုပေး။ (အဲ-အခါတိုင်းက ရှစ်ပါးသီလ၊ ဒါတော့ ရှစ်ပါးသီလ တစ်ကြိမ် နှစ်ကြိမ်ဆို အခု ဘယ်မှ မသွားမလာ မပြောင်း မရွေ့ခြင်းကြောင့် သီလက မကျိုးမပေါက်ဘူး နော်။ အဲလိုဆို သီလခံစရာ မလိုဘူး။ ပထမခံတာ အတိုင်းက မြဲတဲ့သဘောပေ့ါ။ ဒါတော့ တရားသား ကို --စက်ဝိုင်း လှည့်ပြီးတော့ တရားသား ဟောရတာ ပိုကောင်းတယ်။ အချိန်စား သွားမယ်။ ကဲ စက်ဝိုင်းလှည့်။ စက်ဝိုင်းလှည့်တာ ထောက်တာ မှန်အောင် လေ့လာကြ။ စာအုပ်ကို မကြည့် တော့ အသံက မထွက်။အင်း--)
စက်ဝိုင်းထောက် (ပ+ဒ+တ) ။- (စာအုပ်ကြည့်ကြ။ ခန္ဓာဖွဲ့တတ်ဖို့။ သစ္စာဖွဲ့တတ်ဖို့။ စက်ဝိုင်း လှည့်တဲ့အခါ အမေးဖြေ ထောက်တတ်ဖို့ စာကြည့်ကြ။ စာကြည့်ကြ။ အဲဒါ မြိုင်မြိုင်ဆိုင်ဆိုင် ကြားရမှ တရားကွက်က နလုံးသွင်းလို့ ကောင်းတာ။) မူလနှစ်ဖြာ-တစ်ခေါက်။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
ဝိညာဏ်မြင် သမ္ဗုတိသစ္စာ အားဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ- အကုသိုလ်ကံ၊ ကုသိုလ်ကံ တရား နှစ်ပါးကို ယုံကြည်ရမယ်လို့ မဟောလား။ ပါဏာတိပါတာအစ သုရာမေရယအဆုံး၊ ပါဏာတိပါတာ အစ မိစ္ဆာဒိဋ္ဌိ အဆုံးကို ကျူးလွန်ရင် ကုသိုလ်လား၊ အကုသိုလ်။ အကုသိုလ်ကံ အကြောင်းကြောင့် အကျိုး တရားက သေသည်၏ အခြားမဲ့၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် လို့ မဟောလား။ ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့ တရား။ ဒါ အကုသိုလ်ကံ ကြောင့် ဖြစ်တာနော်။ ကြောက်စရာ မကောင်းလား ဟေ့။
ပါဏာတိပါတာ အစ သုရာမေရယ အဆုံး၊ ပါဏာတိပါတာ အစ မိစ္ဆာဒိဋ္ဌိ အဆုံးကို ရှောင်ကြဉ်ရင် အကုသိုလ်လား၊ကုသိုလ်လား။ ကုသိုလ်ကံ အကြောင်းကြောင့် အကျိုးတရားက လူပြည်၊ နတ်ပြည်

ခြောက်ထပ်လို့ မပြောလား။ ဆင်းရဲတဲ့တရားလား။ ချမ်းသာတဲ့တရား။ ဒါ ကုသိုလ် ကံကြောင့် ဖြစ်တာနော်။

အမည်းလည်း မဟုတ်၊အဖြူလည်း မဟုတ်သောကံ

ကုသိုလ်ကံ ဆိုတာ ငါးပါးသီလ လုံခြုံတဲ့ပုဂ္ဂိုလ်- ကုသိုလ်ကံပေါ့။ ငါးပါးသီလ ချိုးဖောက်ရင် အကုသိုလ်ကံ ပေါ့။ ဒါ မိမိက စားဝတ်နေရေး မပြေ၊ နေရေးထိုင်ရေး မပြေ၊ ကျန်းမာရေး မကောင်း။ ကုသိုလ်လုပ်ကြ လို့ ဆရာတော် သမားတော်တွေ သတိ မပေးလား။ ဒါ ကုသိုလ် ဘာတွေလဲ စိစစ်ဖို့ မကောင်းလား။ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းမယ်၊ ရှောင်ကြဉ် မယ်၊ ဆိုရင် ကုသိုလ် မဖြစ်ဘူးလား။ ပိုက်ဆံ ကုန်သေးသလား။ ပိုက်ဆံ မကုန်ဘဲနဲ့ ရတဲ့ ကုသိုလ်နော်။ ကျန်းမာရေး ပြည့်စုံတာ သီလကုသိုလ်။ စားဝတ်နေရေး ပြေတာ သီလကုသိုလ်။ သီလ အခြေခံပြီးတော့မှ လှူမယ်၊ တန်းမယ် ဆိုရင် အောင်မြင်တော့တာ ဒါနကုသိုလ်ပေါ့။ သီလနဲ့ ပြည့်စုံတာ နော်။

သီလမပြည့်စုံဘဲ လှူမယ်ဆိုရင်တော့ကား မိုးကုတ် ဆရာတော်ဘုရားကြီးက ဘယ်လို ပြောတာလဲ စိစစ်ဖို့ မကောင်းလား။ အဖြူနဲ့ အမည်းနဲ့ ရောတဲ့ကံတဲ့ ကြားလား။ ရတဲ့ပစ္စည်းက မတရားသဖြင့် ရတာပေါ့။ သီလမပြည့်စုံဘဲနဲ့ ရတာ ဒါ အမည်း။ ကြားလား။ လှူချင် တန်းချင်တဲ့ စိတ်လေးက အဖြူ။ကဲ ရတော့ လှူချင်တဲ့စိတ်ကလေး တွေ မပေါ်လား။ လှူချင်တဲ့စိတ်က အဖြူဗျား။ ရတဲ့ပစ္စည်း က အမည်း။ အမည်းနဲ့ အဖြူရောတယ်လို့ မပြောဘူးလား။

အမည်းနဲ့ အဖြူရောတော့ ရောရာ အကျိုးပေးတယ်လို့ ပြော၊မပြော။ အသူရကာယ်ကွဲ့။ ကြားလား ။ အသူရကာယ်ဆိုတော့ နေ့ကို စံရတယ်၊ ညကိုခံရတယ်။ နေ့ကျတော့ကား အဆင် သင့် စားစရာ၊ သောက်စရာတွေဟာအကုန်လုံးပြည့်စုံတယ်ကွဲ့နော်။ ညကျတော့ မီးလောင်ခံ ရတယ်၊ ခွေးစား ခံရတာ။ ဒါ အသူရကာယ်ပေါ့။ ကဲ သန့်ရှင်းရဲ့လား။ ဒါ နေ့ကိုစံလို့ ညကိုခံရတာ အသူရကာယ် ရောရာ အကျိုး ပေးတာ။အမည်းနဲ့ အဖြူရောတာပေါ့နော်။

အဖြူ သန့်သန့်ဆိုတာ သီလနဲ့ပြည့်စုံတာပေါ့။ သီလပြည့်စုံလို့ရတဲ့ ပစ္စည်းကြတော့ မသန့်ရှင်း ဘူးလား။ သန့်ရှင်းတော့ အဲဒီ ကုသိုလ်ဟာ အောင်မြင်တယ်နော်။ အဲတော့ လူစည်းစိမ် မရဘူးလား။ နတ်စည်းစိမ် မရလား။ ဒါလူချမ်းသာ၊ နတ်ချမ်းသာလို့ မပြောလား။ အဲဒါ အဖြူကံ။ သန့်ရှင်းတယ် နော်။ အမည်းလည်း မဟုတ်၊ အဖြူလည်း မဟုတ်။ အမည်းလည်း မရော၊ အဖြူလည်း မရောတာ က စဉ်းစား၊ စိစစ်ဖို့ မကောင်းလား။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တွေနော်။ အဲလို စိစစ်ဖို့ မကောင်း လား။ အဲဒီဉာဏ်က သုံးဆယ့်တစ်ဘုံက ထွက်တဲ့လမ်း။ အဖြူကံက သုံးဆယ့်တစ်ဘုံ မှာ သွား

www.thitsarparamisociety.com



တယ် နော်။ အမည်းနဲ့အဖြူ ရောတော့ကား အသူရကာယ်။ အဲလို စိစစ်ဖို့ မကောင်းလား။ ဒါ ကံကို ယုံကြည်ရမယ်၊ ဉာဏ်ကို အားကိုးရမယ်။ အဲဒါလိုတယ်ကွဲ့နော်။

<u>သားထိုးသည်</u>

ကံ၊ ကံ၏အကျိုးကို ယုံကြည်ဖို့လိုတယ်။ ဘယ်လိုတွေလဲလို့ စဉ်းစားစရာ။ လူတွေ အယူမှား တတ်တယ်။ မကြားစဖူး ကြားဖူးထပ်မံ။ အကုသိုလ်အလုပ် လုပ်တဲ့ပုဂ္ဂိုလ်တွေ ခု ပြောနေတဲ့ မြို့ကြီးတွေမှာ ကျတော့ သားထိုးသည်တွေ မရှိဘူးလား။ ကြက်တွေ သတ်ပြီးတော့ ရောင်းရတာ၊ ဝက်တွေ သတ်ပြီးတော့ ရောင်းရတာ၊ နွားတွေ၊ကျွဲတွေ သတ်ပြီးတော့ ရောင်းရတာ၊ ကုသိုလ်လား။ အကုသိုလ်လား။ အကုသိုလ်ဟာ ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့ တရား။ ဆင်းရဲတဲ့ တရားလို့ မြတ်စွာဘုရား ဟောတယ်နော်။ ယုံကြည်ဖို့ မကောင်းလား။ သို့သော် အကုသိုလ် ဆင်းရဲတဲ့ တရားပေါ့။

သို့သော်လည်း အဲဒီလူ စားဝတ်နေရေးက ပြေတယ်။ ဘယ်လို ပြေတာလဲ။ မျက်နှာကို ကြည့် လိုက် စိန်တွဲလွဲ။ လည်ပင်းကြည့်လိုက် ရွှေတွဲလွဲ။ လက်ကိုကြည့်တော့ လက်ကောက်တွေက ဝတ်ထားတာ တံတောင်ဆစ် ရောက်ခါနီး။ စိန်တွဲလွဲ၊ ရွှေတွဲလွဲကွဲ့နော်။ စားရတာကလည်း ဖောဖောသီသီ ဆီဦး ထောပတ်။ ဝတ်တာလည်း စိန်ကတ္တီပါ၊ မြကတ္တီပါ၊ ပိုးဖဲကတ္တီပါ။ စားဝတ် နေရေး မပြေလား။ သူတို့ လုပ်တာက အကုသိုလ်လို့ မဟောဘူးလား။ အကုသိုလ်ဟာ ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့ တရား။ ဆင်းရဲတဲ့ တရား လုပ်တာ ဘာကြောင့် ပြေတာလဲ မေးဖို့ မကောင်းလား။ အတိတ်ဘဝတုန်းက လှူခဲ့တဲ့ ကုသိုလ်တွေပေါ့ကွဲ့။ ဒါနကုသိုလ်။ ထိန်းသိမ်း ခဲ့တဲ့ သီလကုသိုလ်။ အဲဒီကုသိုလ်က ဟိုတုန်းက အကျိုးပေးခွင့် မရဘူးနော်။ အခုမှ အကျိုး ပေးတာ။

အလုပ်က အကုသိုလ်- စားဝတ်နေရေးက ပြေတယ်။ စိန်တွဲလွဲ၊ ရွှေတွဲလွဲ၊ ငွေတွဲလွဲ။ ကားက နှစ်စီး၊ သုံးစီး။ မနက်ကို တစ်စီး၊ နေ့လည် တစ်စီး၊ ညနေ တစ်စီး ပြောင်းလဲ စီးနေတာ။ တိုက်က သုံးလုံး။ ချမ်းသာတယ်ကွာ။ မပြောကြဘူးလား။ သူတို့ လုပ်နေတာ ချမ်းသာတဲ့ အလုပ်လား၊ ဆင်းရဲတဲ့ အလုပ်။ ဆင်းရဲတဲ့ အလုပ်ဟာ ဘာကြောင့် စားဝတ်နေရေး ပြေတာလဲ။ ပြန်စိစစ်ဖို့ မကောင်းလား။ အတိတ်က လှူခဲ့တန်းခဲ့တဲ့ ကုသိုလ်က အကျိုးပေးတာ။ အဲဒီကုသိုလ်ကံက လှည့်လာခဲ့တာ။ အလုပ်က အကုသိုလ်အလုပ်။ အတိတ်ကုသိုလ်ကံကြောင့် စားဝတ်နေရေး မပြေလား။ အဲဒါ အတိတ်က ကုသိုလ်ကံလို့ ယုံကြည်ဖို့ မကောင်းလား။ အဲဒီအတိတ် ကုသိုလ် ကံက နှစ်ပေါင်း နှစ်ဆယ်နော်။ နှစ်ပေါင်း နှစ်ဆယ် ဆိုတော့စဉ်းစား။

16.5.2005,(8:00am)4

လောက ဥပမာ ပေးရမယ်ဆို ကုန်သည်ပဲဖြစ်ဖြစ်၊ တောင်သူပဲ၊ ကျပန်းပဲဖြစ်ဖြစ် အိုးစားက ဆယ့်နှစ်ယောက် ရှိတယ်။ တစ်လမှာ ဆန်ငါးတင်း ကုန်တယ်။ တန်ခူးလက စချက်ကြည့်။ တစ်လ စေ့တဲ့အခါ ဆန်ငါးတင်း မကုန်ဘူးလား။ နှစ်ပတ်လည်ကျတော့ ဆန်အတင်း ခြောက်ဆယ် မကုန်လား။ နှစ်ပတ်လည် စေ့တော့ ဆန် အတင်း ခြောက်ဆယ် ကုန်တယ်နော်။ အဲဒါ စိစစ်ဖို့ မကောင်းလား။ တစ်လမှာ ငါးတင်း။ အဲဒါနေ့တိုင်း နေ့တိုင်း စားသုံးတော့ ဆန်တွေ လျော့၊ လျော့ လျော့သွားတာပေါ့။ တနှစ် စေ့တဲ့အခါ ဆန်အတင်း ခြောက်ဆယ် ကုန်တယ်။ ယုံကြည်ရဲ့ လား။ အခုလည်း နှစ်ပေါင်း နှစ်ဆယ် ကုသိုလ်က အကျိုး ပေးတာနော်။ နှစ်ပေါင်း နှစ်ဆယ် စေ့တဲ့ အခါ သူတို့ အကျိုးပေး ကုသိုလ်ကံ ကုန်မသွားဘူးလား။ ကုသိုလ်ကံ ကုန်တော့ အကုသိုလ်က လှည့်။ ဝက်က အရင့်သေ၊ နွားက အရင့်သေ၊ ကျွဲက အရင့်သေ၊ ရောင်းတဲ့ အသား ငါးက အကြွေး၊ ကြာတော့ ရင်းစရာ မရှိ။ တိုက်ကိုဖြုတ်ရတာ၊ ကားကို ဖြုတ်ရတာ။ နောက်တော့ လက်ဝတ် လက်စား ဖြုတ်ရတာ။ နေစရာက မရှိ။ စားစရာက မရှိ။ တိုက်ကြို တိုက်ကြား၊ ဇရပ်ကြို ဇရပ်ကြား မနေရဘူးလား။ သေတဲ့အခါ အပါယ်က လွတ်ပါ့မလား။ အဲဒါ ယုံကြည်ဖို့ မကောင်းလား။

တစ်ယောက်သော ပုဂ္ဂိုလ်က ဆရာကောင်း၊ သမားကောင်းရဲ့ အဆုံးအမကို ရတယ်။ နေ့စဉ်နှင့် တကွ အိပ်ယာ နိုးတဲ့အချိန်က စ အိပ်ယာဝင်သည် အထိ ငါးပါးသီလ မကြောင်မကြား၊ မကျိုး မပေါက်အောင် ထိန်းသိမ်းတယ်နော်။ အကုသိုလ်လား။ ကုသိုလ်လား။ ဒါ ကုသိုလ်တွေနော်။ ကုသိုလ်က နေ့စဉ်နဲ့ ကုသိုလ် လုပ်နေတာကွဲ့။ စားဝတ်နေရေးက မပြေဗျား။ ကုသိုလ်က ချမ်းသာ တယ်လို့ မပြောလား။ သူ့မှာ စားစရာ မပြေပါ့ကားဟေ့။ ကုသိုလ်က ချမ်းသာတယ်လို့ ပြောတယ် နော်။ ဘာကြောင့် စားစရာ သောက်စရာ မပြေသလဲ မေးဖို့ မကောင်းလား။ အတိတ် ဘဝတုန်းက သူခိုးခဲ့တာတွေလေ။ သူများ စားမည့်ဟာကို ခိုးခဲ့တာ။ သူများ ဝတ်မည့်ဟာကို ခိုးခဲ့တာ။ ကဲ ကမ္မံ ဝိပါကဿ -ငရဲအပ ဝဋ္ဋကိုအမြဲ။ အတိတ်က ပြုတဲ့ အကုသိုလ်ကံက လှည့် တော့ကာ နှစ်ပေါင်း နှစ်ဆယ် အကုသိုလ်ကံက အကျိုးပေးတယ်။ စားဝတ်နေရေး ပြေရဲ့လား။ နေ့စဉ်နှင့်တကွ ကုသိုလ် မလုပ်ဘူးလား။ ကံ၊ကံ၏ အကျိုးကို ယုံကြည်တဲ့အတွက် ငါ ဒီလောက် စားစရာ၊ သောက်စရာ မရှိငြား သော်လည်း တံငါ၊မုဆိုး လုပ်စားမယ်လို့ ဖောက်ပြန်သေးရဲ့လား။ ကံ၊ ကံ၏ အကျိုး ယုံတာ နော်။

အကုသိုလ်ကံ ယုံတဲ့၊ ကုသိုလ်ကံ ယုံတဲ့အတွက် အသစ် အကုသိုလ်လုပ်သေးရဲ့လား။ မလုပ်ရင် ကြွေးဟောင်း မကြေလား။ ကြွေးဟောင်း ကျေတယ်နော်။ ကြွေးသစ် တင်သေးရဲ့လား။ အဲဒါ နှစ်ပေါင်း နှစ်ဆယ်ပြည့်တော့ သူ အကျိုးပေးတဲ့ အကုသိုလ်ကံ ကုန်သွားတော့တာပေါ့။ မိတ်ဆွေ

www.thitsarparamisociety.com



တစ်ယောက်က နေပြီးတော့မှ ထီ တစ်စောင် ပေးတာ သုံးရာလောက် ပေါက်လာ ခဲ့တယ်။ အကုသိုလ် ကုန်တော့ ကုသိုလ်က လှည့်မလာလား။ ကဲ ကုသိုလ် လှည့်တယ်။ ကဲ ကုသိုလ် လှည့်ပြား သော်လည်း လောဘ ဖြစ်သေးရဲ့လား။ အကုသိုလ်မီတုန်းက ဒေါသ ဖြစ် သေးရဲ့လား။ ကံကိုယုံတဲ့ အတွက် အသစ် အကုသိုလ် ဖြစ်ကဲ့လား။ ကြွေးဟောင်း မကျေလား။ ကြွေးသစ် တင်သေးရဲ့လား။ အဲဒါကံကို ယုံကြည်ဖို့လိုတယ်။ ယုံကြည်တော့ အသစ် အကုသိုလ် မဖြစ်ဘူး။ ကြားလား။ အဲလို မယုံကြည်ရင် ငါ ဒီလောက်တောင် ဆင်းရဲလှတယ်။ ခိုးစားမယ်။ လုစားမယ်။ တိုက်စားမယ်။ တံငါ။မုဆိုး လုပ်စားမယ်လို့ ဖောက်ပြန်ရဲ့လား။ဒါ ကံကိုယုံတာ။ ဉာဏ်ကို အားကိုးရမယ်။ ကံကို ယုံရမယ်။ ကြားလား။

<u>ရတနာတွေ မီးသွေး ဖြစ်သွားသော သူဌေး</u>

ရှေးက သူဌေး တယောက် စိန်တွေ၊ မြတွေ၊ ကျောက်တွေ။ သေတ္တာထဲမှာ ထားတာ မဟုတ်ဘူး။ တိုက်ထဲမှာ ထားတာ။ တိုက်ကြီးနဲ့ လှောင်ထားတာ။ ပဲတွေ၊ စပါးတွေ လှောင်သလို လှောင်ထားတာ။ သူဌေးကွဲ့နော်။ တိုက်နဲ့ လှောင်တယ်ဆိုတော့ နည်းတာ မဟုတ်ဘူးပေါ့။ စိန်တွေ၊ မြတွေလေ။ ဟော ပတ္တမြား စစ်စစ်ကို ရွေးကြီးလောက် ဆိုရုံပဲ့။ သိန်းပေါင်း များစွာ တန်နေတာကွဲ့။ ဘယ်လောက်ထိ ချမ်းသာသလဲ ကြားလား။ တနေ့သ၌ကျ တော့ အဲဒီတိုက်ထဲမှာ လှောင်ထား တဲ့ စိန်တွေ၊မြတွေ၊ ကျောက်တွေ၊ ပတ္တမြားတွေ အကုန်လုံး မီးသွေးဖြစ်သွားတာ။ မီးသွေး ဖြစ် တော့ သုံးရပဲ့မလား။ အဲဒီခေတ်က မီးသွေးဆိုတာ ဘာမှ အသုံးမကျ။ ရွာအပြင် ၊မြို့အပြင်ကို သွန်ပစ်ရတာပေါ့။ ပြာတို့၊ မီးသွေးတို့က ကြားလား။ အသုံးမကျ။ ကဲ သူ့ကုသိုလ်ကံ ကုန်သွား ပြီ ကြားလား။ ကဲ သူရှာထားတဲ့ ရွှေတွေ၊ငွေတွေ၊ ကျောက်သံ ပတ္တမြားတွေ သုံးရရဲ့လား။ သူဌေး ကြီးကို သွားပြီးတော့ တိုင်ပင်တယ်။ ငါမှာ ဒီလို ဖြစ်ပြီ။ စားစရာက မရှိ။ မင့် ကူညီဦး။ သူဌေးကြီး တယောက်က ကျွေးထားရတာ။ သူ့ကံ ကုန်တော့တာ ကွဲ့။ ဖဲရိုက်လို့ ရှုံးတာလည်း မဟုတ် ကြားလား။ ကုန်ကူးလို့ ရှုံးတာလည်း မဟုတ်။ ဒီတိုင်း ကျောက်တွေဟာ စိန်တွေ၊မြတွေ ဟာ မီးသွေး ဖြစ်သွားတော့တာ။

အဲဒါနဲ့ သူဌေးကြီးက ကျွေးလို့။ ဈေးခင်းရောင်း။ ဈေးခင်းရောင်း။ မီးသွေးတွေ ဈေးခင်း ရောင်း တာ။ ဟိုလူက ကြည့်။ ဟာ ရှုံးပြီဟော့ ဒီသူဌေးက။ ရှုံးပြီ။ ဟိုလူကလည်း ရှုံးပြီ ဒီသူဌေးက။ မီးသွေးတွေ ဘယ်နယ့် ဈေးခင်း ရောင်းရမှာလဲ။ ကြည့်တဲ့ပုဂ္ဂိုလ်က မီးသွေးတွေမြင်တာ။နောက် အမျိုးသမီးလေး တစ်ယောက် ဆယ့်ငါးနှစ် ဦးရယ် စိန်တွေ၊ မြတွေ၊ရွှေတွေ၊ ကျောက်တွေ ပါလား။ ဝယ်သူလာမှ ထုတ်ပြရတာ။ ဘယ်နယ့် ဈေးခင်း ရောင်းရတာလဲ။ ဟော သူက စိန်တွေ၊ မြတွေ မြင်တာ။

www.thitsarparamisociety.com



မီးသွေး မမြင်ဘူး ကြားလား။ ဟိုလူတွေက ဒီပြင်ပရိသတ်တွေက မီးသွေးလို့မြင်တာ။ သူက စိန်တွေ၊ မြတွေလို့မြင်တာ။ ဝယ်သူလာမှ ထုတ်ပြ ရတာ။ ဘယ်နယ့် ဈေးခင်းရောင်းတာလဲတဲ့။ နင်က ဘယ်ရပ်ကွက်ကလဲ ဟ။ ကျမက တောရွာကတော့။ တောရွာက။ ဘယ်လောက် ဝေး သလဲ။ ခြောက်မိုင် ဝေးတယ်။ သည်မြို့ထဲက မဟုတ်ဘူး။ နင်အဖေကား ရှိလား။ ရှိတယ်။ နင် အမေကား ရှိလား။ ရှိတယ်။ ဘာနာမည်လဲ။ နင်အဖေ ဘာနာမည်။ နင်အမေက ဘာနာမည်။ မွေးချင်း ဘယ် နှယောက်လဲ။ မွေးချင်း နှစ်ယောက်။ သူ့ထက် အကြီးက အစ်ကို ယောကျ်ား။ အစ်ကို ရှိတယ်။ နင့် အိမ်ထောင်ရှိသလား။ မရှိဘူး။ ရည်မှန်းပြီးသားကော ရှိသလား။ မရှိဘူး။ မင်းနာမည် ဘာနာမည် လဲ။ နာမည် မှတ်ထား။ သူ့အစ်ကိုက ဘာနာမည်။ မိဘက ဘာနာမည်။ ရွာက ဘာနာမည်။ ဈေး သိမ်း သွားတော့တာ။ သူဌေးကြီးကို အကြောင်း ကြားတယ်။ ငါမှာ အဲဒီလို တွေ့နေတယ်ကွဲ့။
အဲဒါ သူ့ပစ္စည်း ဟုတ်တယ်တဲ့။ ဟိုသူဌေးကြီးက မင်းဟာ မဟုတ်ဘူးတဲ့။ အမျိုးသမီးလေး ပစ္စည်း တဲ့။ အမျိုးသမီးလေးက လည်း ဆွေလည်း မတော်၊ မျိုးလည်း မတော် အလုပ်ကလည်း အတူတူ လုပ်တာ မဟုတ်။ သူ့ပစ္စည်းတဲ့ ဗျား။ အဲလို အဲဒီ အမျိုးသမီးက မင့်သားနဲ့ မင်္ဂလာ လက်ထပ်။ လက်ထပ်လို့ပြီးရင် ရှိတဲ့ပစ္စည်းကို အမျိုးသမီးလေးကို အပ်။ သူ့ပစ္စည်း ဟုတ်တယ် တဲ့။ အမျိုးသမီး လေးက ပေးတာကို ယူ၊ ကျွေးတာကို စား။ မင်း ကံကုန်ပြီတဲ့။ သူဌေးကြီးက ကံ ကုန်သွားပြီ။ မရှိဘူး။ အဲဒါနဲ့ မင်္ဂလာ လက်ထပ် ပြီးတော့မှ ရှိတဲ့ပစ္စည်းကို သူ့ကို အပ်တော့ကာ မီးသွေးက စိန်တွေ၊ မြတွေ၊ ပတ္တမြားတွေ ဖြစ်သွားတော့တာဗျား။ ကဲ အမျိုးသမီးလေးက ဘာမှ ဆွေလည်း မတော်၊ မျိုးလည်း မတော်။ အလုပ်က လည်း အတူ လုပ်တာ မဟုတ် ။
ဘယ်နယ့်ကြောင့် သူ့ပစ္စည်းလို့ ခေါ်တာလဲ။ ကမ္ဘာလဆန်းကစ သူ့ဆီမှာ အကြွေး တင်ခဲ့တာ ကွဲ့။ ကြားလား။ သူ့ကို ဆပ်စရာ အကြွေးရှိတယ်နော်။ အဲတော့ သူ့ကို ဆပ်ရမယ့်အကြွေးရှိတော့ မီးသွေး ဖြစ်သွားတော့တာ။ ကဲ သူ့လက်ထဲ ရောက်သွားတော့ စိန်တွေ၊ မြတွေ၊ မူမှန် ဖြစ် မသွား ဘူးလား။ အဲဒါ ကံ၊ ကံ၏ အကြောင်းကို ယုံကြည်ဖို့ မကောင်းလား။ သူ့ကံ ကုန်တော့တာ ကွဲ့ သူဌေးကြီးကနော်။ စဉ်းစားဖို့ မကောင်းလား။ အဲဒါ သူပေးတာကို ယူ၊ သူကျွေးတာကို စား။ မင်း ကံကုန်ပြီတဲ့။ အဲလို ကုသိုလ်ကံ၊ အကုသိုလ်ကံကို ယုံကြည်ဖို့ မကောင်းလား။ အဲဒါ ယုံကြည်ရမယ်။ ဒါ ကံလမ်း။ သုံးဆယ့် တစ်ဘုံက မထွက်ဘူး။ ကံလမ်း။
ကဲ ဘယ်လောက်များ ထူးဆန်းသလဲ နော်။ အကုသိုလ်ကံက ဝင်တော့ သူ့ကုသိုလ်ကံက မရှိဘူး။ ကုန်တော့တာ မီးသွေးတွေ ဖြစ်သွားတာ။ ဘယ်လိုမှ သုံးလို့မရ။ အမျိုးသမီးမှာ ဘာဝ အဆက်ဆက်

www.thitsarparamisociety.com



က ပေးစရာ ရှိတော့ သူ့လက်ထဲ ရောက်တော့ ပတ္တမြား ဖြစ်ရတာ။ ကျောက်တွေ၊ စိန်တွေ ၊မြတွေ ဖြစ်ရတာ။ အဲဒီလို ယုံကြည်ဖို့ မကောင်းလား။

ဉာဏ်ကို အားကိုး၊ ဉာဏ်ဆိုတာ ခန္ဓာကို သိတာ ဉာဏ်။ အသိခံက ခန္ဓာငါးပါး။ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ။ ဉာဏ်က သမ္မာဒိဋ္ဌိ+သမ္မာသင်္ကပ္ပ ပညာမဂ္ဂင်နှစ်ပါး။ သမ္မာဝါယာမ၊ သမ္မာသတိ၊သမ္မာသမာဓိ သမာဓိမဂ္ဂင်သုံးပါး။ ပေါင်းလိုက်တော့ ငါးပါး။ မဂ္ဂင်ငါးပါး။ အမြင်ခံ၊ အရှုခံက ခန္ဓာငါးပါး။ရှုဉာဏ်က မဂ္ဂင်ငါးပါး။ အာရုံ၊ အာရမ္မဏိက ပိုင်းခြားလို့ရှိက ခန္ဓာငါးပါးက အာရုံတရား။ မဂ္ဂင်ငါးပါးက အာရမ္မဏိကတရား။ အာရုံ၊ အာရမ္မဏိက။ ပေါ အဲသည် တရားကို သိဖို့လိုတယ်။ စဉ်းစားဖို့မကောင်းလား။

တရား ပျောက်တော့ ကိုယ်မှာရှာ ကိုယ်မှာ ရှာတော့ တရား တွေ့တယ် မဟောဘူးလား။ အဲဒါ တရားသိဖို့ နံပါတ်တစ် သက္ကာယဒိဋ္ဌိ ပြုတ်ဖို့ အရေးကြီးတယ်။ ကြားလား။ ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။ မြတ်စွာဘုရား ဟောတာနော်။ ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။ ဤခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း၊ပျက်ခြင်းကို မသိလို့ရှိရင် သက္ကာယဒိဋ္ဌိ ပြုတ်ပါ့မလား။ သည်တော့ ခန္ဓာငါးပါးကိုလည်း သိဖို့၊ဖြစ်ပျက်ကိုလည်း သိဖို့လိုတယ်။ စဉ်းစားဖို့ မကောင်း လား။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ ၊

ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ ။(ဓမ္မပဒ-၃၀။အပ-၂-၂၄၆။)

ယော စ- ရဟန်းရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်တို့သည်။ ဥဒယဗ္ဗယံ-ခန္ဓာငါးပါး၊ ရုပ်နာမ် တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို။ အပဿံ/အပဿန္တော-မရှုမမြင်၊ မဆင်မခြင်သော ပုဂ္ဂိုလ် သည်။ ဝဿသတံ-အနှစ်တရာ ကာလပတ်လုံး။ဇီဝေ-အသက်ရှင်ငြားအံ့။ နသေယျော-မမြတ်။ ဥဒယဗ္ဗယံ-ခန္ဓာငါးပါး၊ ရုပ်နာမ်တရား တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို။ ပဿတော-ရှုမြင်သော ပုဂ္ဂိုလ်သည်။ ဧကာဟံ-တရက် တနာရီ တဗီဇနာမှျ။ ဇီဝေ- အသက်ရှင်ငြားအံ။ သေယျော-မြတ်တယ်တဲ့။

ခန္ဓာငါးပါး ဖြစ်ပျက်ကို မြင်ရင် သက္ကာယဒိဋ္ဌိ ပြုတ်ပြီ။ တမိနစ်မှ ကြာကြာ ငါးမိနစ်မှ ကြာကြာ မြတ်တယ်။ အသက်တစ်ရာ နေရဦးတော့။ အသက်တစ်ထောင် နေရဦးတော့ ခန္ဓာငါးပါး ဖြစ်ပျက်ကို မသိရင် သက္ကာယဒိဋ္ဌိ ပြုတ်ပါ့မလား။ မပြုတ်ရင် ဆန်ကုန် မြေလေးပေါ့။ အဲဒါ ခန္ဓာ သိဖို့ လိုတယ် နော်။

<u>သံပရာသီး စွဲဖြုတ်</u>

လက်တွေ့ မျက်တွေ့ စဉ်းစားကြ။ သမ္မုတိအနေနဲ့ မြင်ပုံ၊ သဘာဝအနေနဲ့ မြင်ပုံ။ အဲဒါ သိဖို့ လိုတယ်။ ကဲ လက်တွေ့ မျက်တွေ့ အားဖြင့် သံပရာသီး ရင့်ရင့် မှည့်မှည့်ကြီး ဝါးစားကြည့်။

ဘယ်လို တွေ့မလဲ။ ချဉ်တာ တွေ့တယ်နော်။ စားတုန်းက သံပရာသီး စားတာ။ တွေ့တာက သံပရာသီးလား၊ ချဉ်တဲ့ရသာ။ ချဉ်တဲ့ အရသာကို လက်နဲ့ကိုင် စမ်းကြည့်တွေ့ပါ့မလား။ မတွေ့ဘူး နော်။ မျက်စိနဲ့ကြည့်ရင်ကား မြင်ရပါ့မလား။ နားထောင်ကြည့်ရင်ကား ကြားရပါ့မလား။ နမ်း ကြည့် ရင်ကား တွေ့ပါမလား။ လျှာနဲ့ကျတော့ မသိနိုင်ဘူးလား။ ဟော သံပရာသီး လား၊ ချဉ်တဲ့ရသာ လား။ ဒါ ချဉ်တဲ့ရသာဓာတ်။ စဉ်းစားဖို့ မကောင်းလား။ ချဉ်ရသာလို့ စားသိတာ ဇိဝှါဝိညာဏ် နာမ်တရား မရလား။ ချဉ်တဲ့အရသာက ရုပ်တရားမရလား။ လျှာအကြည်နဲ့ ချဉ်ရသာက ရုပ်တရား။ နာမ်ရုပ် နှစ်ပါးပေါ့။

စားတဲ့အခါမှာ တွေ့တယ်။ နာမ်ရုပ် တွေ့တယ်။ခု လူတွေ ထမင်းစားတာ မလေ့လာပါကလား ကွဲ့။ ထမင်းစားတုန်းက လေ့လာရမှာ။ခုတော့ ထိုင်တာတခုတည်းသာ လုပ်ကြတယ်။ ဟင်-စားတဲ့အခါ လေ့လာရမှာ။ ကဲ တွေ့တာ သံပရာသီး တွေ့သလား၊ နာမ်နဲ့ရုပ် တွေ့သလား။ကဲ နာမ်နဲ့ရုပ် တွေ့တဲ့အခါ သံပရာသီး ဘာကြောင့် မတွေ့သလဲ။ မရှိလို့။ ကဲ တွေ့တာနဲ့ ထင်တာနဲ့။ တွေ့တာ ကို အမှန် မယူရဘူးလား။ တွေ့တာကို အမှန်ယူ ရမယ်နော်။ သံပရာသီး တွေ့တာလား၊ နာမ်နဲ့ရုပ် တွေ့တာ။ ဟော နာမ်ရုပ်လို့ သိဖို့ မလိုဘူးလား။ နာမ်ရုပ်တရား နှစ်ပါး သိတာ သူငါက သိတာ လား၊ မဂ္ဂသစ္စာ။ ဘယ်မဂ်က သိတာလဲ။ သမာဓိမဂ်။ ကဲ နာမ်ရုပ်ပဲ တွေ့တယ်။ သမာဓိမဂ်က သိတာ ။ သမာဓိ ရပြီလို့မပြောဘူးလား။

သမာဓိ ရတဲ့ပုဂ္ဂိုလ် လူတယောက်က အပုပ်ရည်သွင်းတဲ့ စကားမျိုး နှစ်နာအောင် အရှက်ကွဲ လောက်အောင် ပြောကြည့် စိတ်ဆိုးမလား။ သမာဓိရတာကွဲ့။ ကဲ စိတ်ဆိုးတယ်ဆိုတာ သမာဓိ ရလို့လား၊ မရလို့လား။ ဘယ်ဘက်ကို လှည့်တာလဲ။ လူဘက်ကို လှည့်တာ။ ပုဂ္ဂိုလ်၊ သတ္တဝါ ဘက်ကို လှည့်တာ။ ပညတ်ကို လှည့်တာ။ ဒါကြောင့်မို့ စိတ်ဆိုးတာ။ ကဲ နာမ်ရုပ်ကို တွေ့တာ က သမာဓိနော်။ ကဲ စိတ်ဆိုးသေးရဲ့လား။ အဲဒီလို စိစစ်ဖို့မကောင်းလား။ အဲဒီ နာမ်ရုပ်တရား နှစ်ပါး ပေါ်မှာ သမ္မုတိသစ္စာ အနေနဲ့ သံပရာသီးလို့မခေါ်ဘူးလား။

အဲဒီ ခေါ်တာ ဘုရား ပယ်ရဲ့လား။ မပယ်ဘူးကွဲ့နော်။ ဒါ သမုတ်ရှိ ကြားလား။ တွေ့တာက သံပရာသီးလား၊ နာမ်နဲ့ရုပ်။ သံပရာသီး မတွေ့တာ ရှိလို့လား၊ မရှိလို့လား။ မရှိရင် ဘယ်လို စွဲမှာလဲ။ သံပရာသီးစွဲ ဒိဋ္ဌိပြုတ်ပြီဗျား။ သံပရာသီးလို့ တော့ မခေါ်ရဘူးလား။ ခေါ်တာ ဘုရား ပယ်ရဲ့ လား။ မပယ်ဘူး နော်။ တွေ့တာက သံပရာသီးလား ၊နာမ်နဲ့ရုပ်။ သံပရာသီး မတွေ့တာ ရှိလို့လား၊ မရှိလို့လား။ အဲဒါကို ပယ်တယ် ပြောတာဗျား။

16.5.2005,(8:00am)9

ကဲ သမ္မုတိသစ္စာနဲ့သံပရာသီး နှုတ်ဖျားမှာနော်။ တွေ့တာက နာမ်နဲ့ရုပ်။ ယုံကြည်ဖို့ မကောင်းလား။ ကဲ သမ္မုတိဘက်က ကြည့်တော့ ထမင်းစားနေပြီ။ ဒီမှာ သံပရာသီး စားဖို့ရာ ကောက်ထားတာ။ ထမင်းပွဲမှာ မပါဘူး။ဟဲ့ ကြောင်အိမ်ထဲမှာ သံပရာသီး ယူချေစမ်း လို့ မခိုင်းရ ဘူးလား။ သမ္မုတိအနေနဲ့မမှန်ဘူးလား။ သံပရာသီးပြောတာပေါ့။ ကဲ သွားယူချေစမ်း ဆိုတော့ သံပရာသီး နာမည် မတပ်ရင် ဘာယူလို့သိပ့်မလား။ ဒါတော့ နာမည်တပ်ပေးတယ် ကြားလား။ ဆား ယူခဲ့စမ်း လို့ မပြောရဘူးလား။ကဲ သမ္မုတိသစ္စာနော်။ ခေါ်တာ၊ ပြောတာ မမှန်ဘူးလား။ အဲ အဲဒါ သမ္မုတိသစ္စာ အနေနဲ့မပယ်ဘူး။ ဒါမို့ မြတ်စွာဘုရားက ညီတော် အာနန္ဒာလို့ မခေါ်ဘူးလား။ သားတော် ရာဟုလာလို့မခေါ် လား။ ချစ်သမီး၊ ချစ်သားတို့လို့ မခေါ်လား။ အဲဒါ သမုတ်ရှိ၊ အခေါ်ရှိ ပယ်ရဲ့လား။ ဘာတွေပယ်တာလဲ စိစစ်ဖို့မကောင်းလား။

ကဲ ခု စားတော့ စားကြည့်တော့ သံပရာသီး တွေ့သလား၊ ချဉ်တာ တွေ့သလား။ ချဉ်တယ်လို့ စားသိတာကလေးက ဇိဝှါဝိညာဏ် နာမ်တရားမရလား။ လျှာအကြည်နဲ့ ချဉ်ရသာက ရုပ်တရား မရလား။ နာမ်ရုပ် နှစ်ပါး။ သံပရာသီးလား၊ နာမ်နဲ့ရုပ်။ ကဲ နာမ်ရုပ်ပဲ တွေ့တယ်နော်။ သံပရာသီး မတွေ့တာ ရှိလို့လား၊ မရှိလို့။ အဲဒါကို ပယ်တာ။ ကဲ နာမ်ရုပ် တွေ့တယ်။ နာမ်ရုပ်တွေ့တော့ သံပရာသီး တွေ့သေးရဲ့လား။ ရှိလို့လား၊ မရှိလို့။အဲဒါ ပယ်တာ။

ကဲ နာမ်ရုပ်ပေါ်မှာ တင်စားပြီးတော့ သံပရာသီးလို့တော့ မသမုတ်ဘူးလား။ သံပုရာသီး လို့ တော့ မခေါ်ဘူးလား။ ခေါ်တာကို ပယ်ရဲ့လား။ သံပရာသီး ရှိတယ်လို့ မထင်လား။ ရှိတယ်လို့ မယူလား။ အဲဒီ အယူကို ပယ်တာဗျား။ အဲဒါ စဉ်းစားကြ။ လျှာပေါ်မှာ အဲဒါ ပယ်ပုံ၊ မပယ်ပုံ၊ တွေ့ပုံ။ ဒါပိုင်းခြားသိဖို့ လိုတယ်။ ဟော လူဆိုတာ ခေါ်တာဟေ့။ ရှိတာ မဟုတ်ဘူး။ မိန်းမ၊ ယောကျ်ား ဆိုတာ သမုတ်တာ ရှိတာ မဟုတ်။ တွေ့တာက နာမ်ရုပ်ပဲ တွေ့မယ်။ မိန်းမ၊ ယောကျ်ား တွေ့မလား။ နာမ်နဲ့ရုပ် တွေ့မလား။ လူ တွေ့မလား။ နာမ်ရုပ် တွေ့မလား။ နတ် တွေ့မလား။ နာမ်ရုပ် တွေ့မလား။ ကဲ လူ မတွေ့တာ ရှိလို့လား၊ မရှိလို့။ နတ် မတွေ့တာ ရှိလို့လား၊ မရှိလို့။ ဗြဟ္မာ မတွေ့တာ ရှိလို့လား၊ မရှိလို့။ မရှိရင် လူစွဲဒိဋ္ဌိ၊ နတ်စွဲဒိဋ္ဌိ၊ ဗြဟ္မာစွဲဒိဋ္ဌိ မပြုတ်ဘူးလား။ ဒိဋ္ဌိ ပြုတ်ပြီဗျား။

ကဲ အဲဒီ နာမ်ရုပ်ကို လူလို့တော့ မသမုတ်ဘူးလား။ နတ်လို့တော့ မခေါ်ဘူးလား။ ဗြဟ္မာလို့ မခေါ်ဘူးလား။ ပယ်ရဲ့လား။ မပယ်ဘူးနော်။ လူလို့ မထင်လား။ ရှိတယ်လို့မယူလား။ ကဲ လူ ထင်လို့ ကိုင်စမ်းကြည့်။ လူတွေ့သလား။ မာတာ တွေ့သလား။ လူတွေ့လား။ ပျော့တာ တွေ့သလား။ မာတာ ပထဝီ၊ ပျော့တာ ပထဝီပေါ့။ မာတယ်၊ပျော့တယ် သိတာ သူငါလား။

16.5.2005,(8:00am)10

ကာယဝိညာဏ်။ ကာယဝိညာဏ်က နာမ်တရား မရလား။ မာတာ၊ပျော့တာ ရုပ်တရား မရလား။ နာမ်ရုပ်နှစ်ပါး။ လူလား။ နာမ်နဲ့ရုပ်။ နတ်လား။ နာမ်နဲ့ရုပ်။ ပြဟ္မာလား။ နာမ်နဲ့ရုပ်။ နာမ်ရုပ်ပဲ တွေ့တယ်နော်။ လူလည်း မတွေ့၊ နတ်လည်း မတွေ့၊ ပြဟ္မာလည်း မတွေ့။ ဘာကြောင့် မတွေ့တာလဲ။ မရှိရင်ဘယ်လိုစွဲမလဲ။ အဲဒါကို ပယ်တာ။ အမှန် သိတော့ အမှား ပျောက်တယ်။ နာမ်ရုပ်လို့သိတော့ အမှန်သိပြီ။ လူစွဲဒိဋ္ဌိ၊ နတ်စွဲဒိဋ္ဌိ၊ ပြဟ္မာစွဲဒိဋ္ဌိ အမှားစွဲ မပျောက်လား။ ကဲ လူ၊ နတ်၊ ပြဟ္မာလို့တော့ မခေါ်ဘူးလား။ ခေါ်တာကိုပယ်ရဲ့လား။ ဒီတော့ အခေါ်အနေနဲ့ ခေါ်ရတယ် နော်။ တွေ့တာက နာမ်ရုပ် ခေါ်တာက လူ။ တွေ့တာက နာမ်ရုပ် ခေါ်တာက နတ်။ တွေ့တာက နာမ်ရုပ်။ ခေါ်တာကပြဟ္မာ။ တွေ့တာက နာမ်ရုပ်၊ ခေါ်တာက သမီးလို့ခေါ်တယ်။ သားလို့ ခေါ်တယ်။ ကဲ အဲဒါ မပယ်တာလည်း သိထား။ ပယ်တာလည်း သိထား။ စဉ်းစားဖို့ မကောင်းလား။ အဲဒါ အခြေ လိုတယ်။ အဲလို ပိုင်းခြားဖို့မလိုဘူး လား။

ကဲ တွေ့တဲ့ နာမ်ရုပ် စမ်းစစ်ကြည့်စို့။ ရုပ်တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား။ နာမ်တရားက သိပြီးတော့ မပျက်လား။ ဒါတော့ နာမ်ရုပ်က ဖြစ်ပျက်ပေါ့။ ကဲ စဉ်းစားနော်။ ဖြစ်ပြီးတော့ ပျက်တယ်ဆိုတာ ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့တရား။ ဒါကြောင့်မို့ မရှိတာ အနိစ္စ၊ သိတာ မဂ္ဂပေါ့။ ဖြစ်ပြီးတော့ ပျက်တယ်ဆိုတာ နိစ္စလား-အနိစ္စ။ အနိစ္စ မမြဲခြင်း တရားသည် ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့တရား။ ဆင်းရဲတဲ့တရားကို သုခလို့ ခေါ်မလား။ ဒုက္ခ။ ဤဒုက္ခတရားကို ပိုင်သူရှိရဲ့လား။ သတ္တဝါအလိုသို့ လိုက်ကဲ့လား။ အကြိုက်သို့ ပါရဲ့လား။ အနတ္တလို့ မဟောဘူးလား။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အဲဒါ ပွားလို့ သိတာ။ အနိစ္စတွေ့တယ်၊ ဒုက္ခတွေ့တယ်။ အနတ္တ တွေ့တယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေ့တဲ့အချိန် နာမ်ရုပ် မတွေ့ဘူး။ စဉ်းစားဖို့ မကောင်းလား။

အနိစ္စတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့မလိုလား။ ဒုက္ခတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့မလိုလား။ အနတ္တတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ မလိုလား။ နာမ်ရုပ် တွေ့သလား။ အနိစ္စ။ နာမ်ရုပ်တွေ့ သလား။ ဒုက္ခ။ နာမ်ရုပ်တွေ့သလား။အနတ္တ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲ တွေ့တယ်။ ဒါ တီရဏ ပရိညာလို့ မြတ်စွာဘုရားဟော၊ မဟော။ ဟောရင် ဒါ ယုံကြည်ဖို့ လိုတော့တာ။ ကြားလား။ ယုံကြည်ဖို့ မလိုဘူးလား။အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ နာမ်ရုပ်ကို တွေ့တဲ့အချိန် လူတွေ့ ရဲ့လား။ နတ်ကား တွေ့ရဲ့လား။ပြဟ္မာကားတွေ့ရဲ့လား။ မိန်းမ၊ ယောကျာ်းကား တွေ့ရဲ့လား။ တွေ့တာက မိန်းမ၊ ယောကျာ်းလား။ နာမ်နဲ့ရုပ်။လူ၊ နတ်၊ ပြဟ္မာလား၊ နာမ်နဲ့ရုပ်။ ဉာတပရိညာ ပိုင်းခြားလို့သိ။ဟော လူနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားတာ။ နတ်နဲ့ ပိုင်းခြားတာ။ ပြဟ္မာနဲ့ ပိုင်းခြားတာ။ မိန်းမ၊ ယောကျာ်းနဲ့ ပိုင်းခြားတာ။ဒါ ဉာတပရိညာ။ လူ၊နတ်၊ ပြဟ္မာ မတွေ့။ နာမ်ရုပ်တွေ့တယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ

တွေ့တဲ့အခါ နာမ်ရုပ်တွေ့သေးရဲ့လား။တီရဏပရိညာ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို စုလိုက်တော့ ဖြစ်ပျက်လို့ မပြောဘူးလား။ ဘာသစ္စာလဲ။ ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့တရား။ ဆင်းရဲတဲ့တရားလို့သိပြီနော်။ဒါ ဆင်းရဲတယ်လို့ အမှန်သိတဲ့ပုဂ္ဂိုလ်ဟာ နောင်တဖန် အဲသလို ခန္ဓာမျိုး ရချင်သေးရဲ့လား။ မရချင်ဘူးနော်။ လက်ရှိခန္ဓာ မတွယ်တာဘူး ပေါ့။ လက်ရှိ မတွယ်တာ နောင်ခန္ဓာကား တောင့်တဦးမလား။ မတောင့်တဘူး။

<u>သုခ-ဒုက္ခ</u>

ကဿပမြတ်စွာဘုရား သာသနာတော်မှာ ဥပါသကာတစ်ယောက် ဒါနကုသိုလ်၊ သီလကုသိုလ် ကြောင့် သေဆုံးသွားတဲ့အခါ နတ်ပြည်မှာသွား၊ နတ်သားသွားဖြစ်တယ်။ နတ်သားဖြစ်လို့ ဂေါတမ မြတ်စွာဘုရား ပွင့်တဲ့အခါ နတ်သက်က ကြီးတော့ မှီတယ်။ ပညာတေဒင် ရတဲ့ ရှင်သာရိပုတ္တရာ နဲ့သွားတွေ့။ အရှင်ဘုရား အရှင်ဘုရား တပည့်တော် ပုစ္ဆာလေး မေးပါရစေ။ အေး တွေ့တဲ့အခါ မေးပေါ့ကွဲ့။ ခွင့်ပြုတယ်။ သုခဆိုတဲ့တရားနဲ့ ဒုက္ခဆိုတဲ့တရားလေး ရှင်းပေးစမ်းပါ။ ဒကာ နတ်သား က လျှောက်တယ်။ သုခဆိုတဲ့ တရားနဲ့ ဒုက္ခဆိုတဲ့ တရားလေး ရှင်းပေးစမ်းပါ။ ဒကာ နတ်သား နောင်တဖန် ခန္ဓာရရင် ဒုက္ခ။ နောင်တဖန် ခန္ဓာမရရင် သုခတဲ့။ ဒါ ခန္ဓာ မရရင် နိဗ္ဗာန်ကွဲ့။ ခန္ဓာရရင် ဒုက္ခတဲ့။ သည်နှစ်လုံးထဲပါလား။ အဲဒါလေး စိစစ်ဖို့လိုတယ်။

<u>အင်္ဂါတစ်ဆယ့်နှစ်ပါး သစ္စာဖွဲ့။</u>

နောင်ခန္ဓာရရင် ဒုက္ခ။ ခန္ဓာရတဲ့ပုဂ္ဂိုလ် အို၊ နာ၊ သေ လွတ်ကဲ့လား။ ခန္ဓာရလို့ အိုရတာ။ ခန္ဓာရလို့ နာရတာ။ ခန္ဓာရလို့ သေရတာ။ စဉ်းစားနော်။ ဘယ်လိုစဉ်းစားရမှာလဲ။ ပဋိစ္စသမုပ္ပါဒ်ကို ကြည့် အဝိဇ္ဇာ အစ ဇရာမရဏ အဆုံး။ အဝိဇ္ဇာက စတာ ဇရာမရဏမှာ ဆုံးတာ ဒါစက်ဝိုင်းကို နားလည်ဖို့။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ သင်္ခါရပစ္စယာ ဝိညာဏံ။ ဝိညာဏပစ္စယာ နာမရူပံ။ နာမရူပပစ္စယာ သဠာယတနံ။ သဠာယတနပစ္စယာ ဖဿော။ ဖဿပစ္စယာ ဝေဒနာ။ ဝေဒနာ ပစ္စယာ တဏှာ။ တဏှာပစ္စယာ ဥပါဒါနံ။ ဥပါဒါနပစ္စယာ (ကမ္မ)ဘဝေါ။ (ကမ္မ)ဘဝပစ္စယာ ဇာတိ။ ဇာတိပစ္စယာ ဇရာမရဏ တဲ့။ အို၊ နာ၊ သေ မှာ ဆုံးသွားတယ်။ ပဋိစ္စသမုပ္ပါဒ် ။ ဇာတိ၊ဇရာမရဏ။

ဒါတော့ ဇရာဆိုတာ အိုတာ။ မရဏ ဆိုတာ သေတာ။ ဒါကြောင့် မိုးကုတ် ဆရာတော်ဘုရားကြီး က ကိုယ်ထင်ခဲ့တာ လူလို့ ထင်တာ၊ နတ်လို့ထင်တာ၊ ဗြဟ္မာလို့ထင်တာ၊ မိန်းမ၊ယောက်ျားလို့ ထင်တာ၊ ရှိတယ်လို့ ယူတယ်။ ထင်လည်း ထင်တယ်။ ကောင်းပြီ။ လူထင်လို့ ဆံဖျားက ခြေဖျား အရောက် ဘုရားပေးတဲ့ ဉာဏ်လက်နဲ့ ကိုင်စမ်းကြည့်။ လူတွေ့မလား၊ ပူနွေးနွေး တွေ့မလား။ တနည်းအားဖြင့် လူတွေ့မလား၊ အေးတာ တွေ့မလား။ အေးတာ မရဏ။ ပူတာက ဇရာ။ အိုအောင် နှိပ်စက်တာ

ဇရာတဲ့ဖျား။ အိုအောင်နိုပ်စက်တာ ဇရာ။ခုတော့ လူတွေက ပူနွေးနွေး တွေ့တယ်။အဲဒါကို စာအနေနဲ့ တေဇောဓာတ်။ ပူတာ ဉဏှတေဇော။ အေးတာ သီတတေဇော။ စင်စစ်ကတော့ ဇရာ။ အိုအောင်နိုပ်စက်တာ ဇရာဖျား။ သေအောင်နိုပ်စက်တာ မရဏ။ ဟော ပဋိစ္စသမုပ္ပါဒ်ကို ကြည့်။ ဇရာမရဏလို့ ၄...အကွက်မှာ မပါဘူးလား။

အဲဒီ ဇရာမရဏဟာ အို၊ နာ၊ သေဟာ အလိုလို ဖြစ်တာလား၊ အကြောင်းကြောင့် ဖြစ်တာလား။ အကြောင်း ရှာကြည့်တော့ နောက်ဆုတ်ကြည့်တော့ ဇာတိလို့ မတွေ့လား။ ဇာတိဆိုတာ ခန္ဓာ ရတာနော်။ ခန္ဓာရတဲ့ပုဂ္ဂိုလ် ဟူသရွေ့ အို၊နာ၊သေလွတ်ကဲ့လား။ခန္ဓာရလို့အိုတာ။ ခန္ဓာရလို့ နာတာ။ ခန္ဓာရလို့ သေတာ။ ဟော ဇာတိဆိုတာ ခန္ဓာရတာ။ လူခန္ဓာ၊ လူဇာတိ။ နတ်ခန္ဓာ၊ နတ်ဇာတိ။ အပါယ်ခန္ဓာ၊ အပါယ်ဇာတိ။ ကဲ ဇာတိရလို့ အိုရတယ်။ နာရတယ်။ သေရတယ်။ ဇာတိဆိုတဲ့ ခန္ဓာ မရအိုပါ့မလား။သေပါ့မလား။ ဟော ဒါ နောင်ခန္ဓာ ရရင် ဒုက္ခလို့ မဟောဘူး လား။ နောင်ခန္ဓာ မရရင် သုခလို့ မဟောဘူးလား။ အဲလို စိစစ်ဖို့ မကောင်းလား။ လေ့လာ။

ဒါတော့ အဲဒီ ဇာတိက ဘယ်ဆီက လာတာလဲ။ စိစစ်ဖို့ မကောင်းလား။ နောက်ဆုတ်ကြည့် တော့ကား ၃အကွက်မှာ ကြည့်။ ကမ္မဘဝပစ္စယာ ဇာတိလို့ မဟောလား။ ကံ ဘယ်ကံလဲ။ အကုသိုလ်ကံ။ ကုသိုလ်ကံနော်။ အကုသိုလ်ကံကြောင့် အပါယ်ဇာတိပေါ့။ ကုသိုလ်ကံကြောင့် လူဇာတိ၊ နတ်ဇာတိ ပေါ့။ ကမ္မဘဝ ကာယကံ၊ ဝစီကံ၊ မနောကံ။ အဲဒီကံတွေကြောင့် ဇာတိ ဆိုတဲ့ ခန္ဓာ ရတယ် ကြားလား။

အဲဒီကမ္မဘဝ စိစစ်ဖို့ မကောင်းလား။ နောက်ဆုတ်ကြည့်တော့ကား အဲဒီကမ္မဘဝကို အကျိုး တရား ထားရမယ်။ အကြောင်း မရှာရဘူးလား။အကြောင်း ရှာကြည့်တော့ ဥပါဒါန ပစ္စယာ ကမ္မဘဝေါ။ ဥပါဒါန်ကြောင့် ဖြစ်တာ။ စဉ်းစားနော်။ ဥပါဒါန် ဘယ်ဥပါဒါန်လဲ။ သားစွဲ ဥပါဒါန်၊ လူစွဲ ဥပါဒါန်၊ သမီးစွဲ ဥပါဒါန်၊ ပစ္စည်းစွဲ ဥပါဒါန်၊ ကြားလား။ အဲဒီ ဥပါဒါန် ကြောင့် ဥပါဒ် ရောက်တာ။ ဥပါဒါန် ကြောင့် ကမ္မဘဝဖြစ်တာ။ ကမ္မဘဝကြောင့် ဇာတိဖြစ်တာ။ ကဲအဲဒီတော့ ဥပါဒါန်က အကြောင်း တရား မရလား။ ကမ္မဘဝက အကျိုးတရား မရလား။ အကျိုး တရား သစ္စာဖွဲ့တော့ ဒုက္ခသစ္စာ။ အကြောင်း တရား သစ္စာဖွဲ့တော့ သမုဒယ သစ္စာ။ ဤနှစ်ခု ချုပ်ရာ ချုပ်ကြောင်း အလေ့ အကျင့်က မဂ္ဂသစ္စာ။ ဤနှစ်ခု ချုပ်သွားတာ နိရောဓသစ္စာ။

ကဲ တခါ နောက်ဆုတ်ကြစို့။ နောက်ဆုတ်တော့ ဥပါဒါန်ကို အကျိုးတရား ထားရတယ်။ အကျိုး တရားထားကာ အကြောင်း ရှာကြည့်တော့ တဏှာပစ္စယာ ဥပါဒါန်လို့မလာလား။ ဟော တဏှာ ကြောင့် ဖြစ်တာကိုးကွဲ့။ ဒီလိုဆိုတော့ တဏှာက အကြောင်း တရား မရဘူးလား။ ဥပါဒါန်က

အကျိုး တရား မရလား။ အကျိုးတရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဒုက္ခသစ္စာ။ အကြောင်း တရား သစ္စာဖွဲ့တော့ သမုဒယသစ္စာ။ ဤနှစ်ခု ချုပ်ရာ ချုပ်ကြောင်း အလေ့အကျင့် က မဂ္ဂသစ္စာ။ ဤနှစ်ခု ချုပ်သွားတာ နိရောဓသစ္စာ။

ကဲ ပဋိစ္စသမုပ္ပါဒ် နောက်ဆုတ်ကြည့်တော့။ တဏှာကို နောက်ဆုတ်တော့ အကျိုးတရား မထားရဘူးလား။ အကျိုးတရား ထား အကြောင်း မရှာရဘူးလား။ အကြောင်း ရှာကြည့်တော့ ၂အကွက်ကို ကြည့် ဝေဒနာပစ္စယာ တဏှာလို့မလာဘူးလား။ ဝေဒနာကြောင့် တဏှာဖြစ်တာ။ စဉ်းစားဖို့ မကောင်းလား။ ဝေဒနာပစ္စယာ တဏှာတဲ့။ ကဲ တဏှာက အကျိုးတရား။ ဝေဒနာက အကြောင်း တရား။ အကြောင်းတရားကို သစ္စာဖွဲ့ သမုဒယပေါ့။ အကျိုးတရား သစ္စာဖွဲ့ ဒုက္ခပေါ့။ ဒါ ပဋိစ္စသမုပ္ပါဒ်နည်း နော်။ ကဲ အဲလိုဆိုတော့ ဤနှစ်ခုချုပ်ရာ ချုပ်ကြောင်း အကျင့်က မဂ္ဂသစ္စာ။ ဤနှစ်ခု ချုပ်သွားတာ နိရောဓသစ္စာ။

ကဲ နောက်ဆုတ်ကြဦးစို့။ နောက်ဆုတ်ကြည့်တော့ ဖဿ မတွေ့ဘူးလား။ ဖဿက အကြောင်း တရား မရလား။ ဝေဒနာက အကျိုးတရား။ အကြောင်းတရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဝေဒနာ က အကျိုးတရား ဘာသစ္စာလဲ။ ဤနှစ်ခု ချုပ်ရာ ချုပ်ကြောင်း အလေ့အကျင့်က…။ ဤနှစ်ခု ချုပ်သွား တာ…။

ကဲ နောက်ဆုတ်ကြဦးစို့။ နောက်ဆုတ်တော့ကား အကြောင်း-ဖဿက အကျိုးတရား မရဘူးလား။ အကြောင်း ရှာကြည့်တော့ သဠာယတနပစ္စယာ ဖဿောလို့ မဟောဘူးလား။ သဠာယတနပစ္စယာ ဖဿော။ သဠာယတနက အကြောင်းတရား မရဘူးလား။ ဖဿက အကျိုးတရား မရလား။ အကျိုး တရား သစ္စာဖွဲ့တော့ ဒုက္ခသစ္စာနော်။ ကဲ ဟိုက သဠာယတနက အကြောင်းတရားက သမုဒယ သစ္စာနော်။ ဤနှစ်ခု ချုပ်ရာချုပ်ကြောင်း အကျင့်က မဂ္ဂသစ္စာ။ ဤနှစ်ခု ချုပ်သွားတာ နိရောဓသစ္စာ လို့ မဟောဘူးလား။

ကဲ နောက်ဆုတ်ပြီးတော့ ကြည့်ဦးစို့။ သဠာယတနကို အကျိုးတရား မထားရဘူးလား။ အကျိုး တရား အကြောင်း မရှာရဘူးလား။ စဉ်းစားကွဲ့နော်။ ကဲ ဟိုမှာ ပြန်ပြီးတော့ကြည့်တော့ စိစစ်ဖို့ မကောင်းလား။ ထိထိမိမိ စဉ်းစားဖို့ မကောင်းလား။ နာမရူပပစ္စယာ သဠာယတနံလို့ မဟောဘူး လား။နာမ်ရုပ်က အကြောင်းတရား မရလား။ သဠာယတနက အကျိုးတရား မရလား။ အကျိုး တရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဟော နာမ်ရုပ်က အကြောင်းတရား မရလား။ သစ္စာ ဖွဲ့တော့ ဘာသစ္စာလဲ။ ဤနှစ်ခုချုပ်ရာချုပ် ကြောင်း အလေ့အကျင့်က။ ဤနှစ်ခု ချုပ်သွားတာ။

www.thitsarparamisociety.com



ဟော ကဲ နောက်ဆုတ်ကြဦးစို့။ နောက်ဆုတ်ကြည့်တော့ သဠာယတနကို - စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန။ ဒါ သဠာယတနလို့ ပြောတာနော်။ သူကို အကျိုးတရား မထား ရဘူးလား။ အကြောင်း မရှာရဘူးလား။ အကြောင်းရှာကြည့်တော့ စဉ်းစား။ ဟော နာမ်ရုပ်တွေ့တယ်။ စဉ်းစားဖို့ မကောင်းလား။ နာမ်ရုပ်က အကြောင်း၊ သဠာယတနက အကျိုး။

ကဲတခါ ပြန် နောက်ဆုတ်ကြတော့ နာမ်ရုပ်ကို အကျိုးတရား မထားရဘူးလား။ အကျိုးတရား ထားတော့ အကြောင်း မရှာရဘူးလား။။ ဝိညာဏ်လို့ မတွေ့လား။ ဝိညာဏ် နာမ်ရုပ်နော်။ ဝိညာဏ်က အကြောင်းတရား။ နာမ်ရုပ်က အကျိုးတရား။ အကျိုးတရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဝိညာဏ်က အကြောင်းတရား ဘာသစ္စာလဲ။ ဤနှစ်ခုချုပ်ရာ ချုပ်ကြောင်း အလေ့အကျင့်က။ ဤနှစ်ခု ချုပ်သွားတာ။

ဟော ကဲ ဝိညာဏ်ဟာ ပြန်ပြီးတော့ နောက်ဆုတ်ကြည့်ရင် ဝိညာဏ်ကို အကျိုးတရား မထားရဘူးလား။ အကျိုးတရားထား။ အကြောင်း မရှာရဘူးလား။ အကြောင်း ရှာကြည့်တော့ ၁အကွက် ကို ကြည့်တော့ သင်္ခါရ မတွေ့လား။ သင်္ခါရပစ္စယာဝိညာဏံ နော်။ ကဲ ဝိညာဏ်က အကျိုးတရား ပေါ့။ သင်္ခါရက အကြောင်းတရားပေါ့။ အကျိုးတရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ ဝိညာဏ်က အကြောင်းတရား သစ္စာဖွဲ့တော့ ဘာသစ္စာလဲ။ သမုဒယသစ္စာ။ ဤနှစ်ခုချုပ်ရာ ချုပ်ကြောင်း အလေ့အကျင့် က ။ ဤနှစ်ခု ချုပ်သွားတာ။ ကဲ သစ္စာလေးပါး တစုံ။

နောက်ဆုတ်ပြီးတော့ လေ့လာဖို့ မလိုဘူးလား။ နောက်ဆုတ်ကြည့် သင်္ခါရကို အကျိုးတရား မထားရဘူးလား။ အကျိုးတရားထား အကြောင်း မရှာရဘူးလား။ အဲဒီသင်္ခါရ ဘယ်ဆီက လာတာလဲ။ အကြောင်း ရှာတော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာလို့ မဟောလား။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တာ။ အဝိဇ္ဇာက အကြောင်းတရား မရလား။သင်္ခါရက အကျိုးတရား မရလား။ အကျိုးတရား ဘာသစ္စာလဲ။ ကဲ အဝိဇ္ဇာက အကြောင်း တရား ဘာသစ္စာလဲ။ ဤနှစ်ခု ချုပ်ရာ ချုပ်ကြောင်း အလေ့အကျင့်က။ ဤနှစ်ခု ချုပ်သွားတာ။

စက်ဝိုင်း လှည့်တာ အလိုလို မဟုတ်ဘူး အကြောင်းခံ။ ပရိယတ်အနေနဲ့ ပြောရတာ။ အဲဒါ ခန္ဓာကို ကပ်ဖို့လိုတယ် ။ စဉ်းစားဖို့ မကောင်းလား။ အဝိဇ္ဇာပစ္စယာ သင်္ခါရာလို့ မဟောဘူးလား။ အဝိဇ္ဇာလို့ တပ်လိုက်ရင် တဏှာ မပါဘူးလား။ ဥပါဒါန်မပါဘူးလား။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ကို ချုံ့လိုက်ရင် အဝိဇ္ဇာတလုံး။ သင်္ခါရ။ အတိတ်ကို သင်္ခါရ။ ပစ္စုပ္ပန်ကို ကံလို့ မဟောဘူးလား။ ပုညာဘိသင်္ခါရ၊

အပုညာဘိသင်္ခါရ၊ အာနေဉ္စာဘိသင်္ခါရလို့ မဟောဘူးလား။ အဲ ဒီ သင်္ခါရကြောင့် ကံဖြစ်တာဗျား။ အဲဒီကံကြောင့်ဖြစ်တာ။

ဒါတော့ လက်စကြည့်တော့ ပြောတော့။အဝိဇ္ဇာအစ ဇရာမရဏအဆုံး။ အိုနာသေ။ အဝိဇ္ဇာက စလို့ အိုနာသေမှာဆုံးတယ်။ ဒါ အဝိဇ္ဇာချုပ်ဖို့ မလိုဘူးလား။ အဝိဇ္ဇာချုပ်ဖို့လိုတယ်နော်။ အဝိဇ္ဇာ ဆိုတာ ခန္ဓာငါးပါးမှာ လူလို့ နလုံးသွင်းမမှားလား။ နတ်လို့မမှားလား။ ပြဟ္မာလို့မမှားလား။ စဉ်းစားနော်။ ကဲ တကယ်လေ့လာကြည့်ဖို့မကောင်းလား။ ကဲ တကယ် တွေ့နေတဲ့ တရားက လူလား။ ခန္ဓာငါးပါးလား။ နတ်လား။ ခန္ဓာငါးပါး။ပြဟ္မာလား။ ခန္ဓာငါးပါး။ ဟောခန္ဓာငါးပါးဆို နလုံးသွင်း မမှန်ဘူးလား။ ဒါ ဝိဇ္ဇာပေါ့။ ကဲ လူလို့၊ နတ်လို့၊ ပြဟ္မာလို့မှားတာ အဝိဇ္ဇာပေါ့။ ကဲ တွေ့ပြီ။ မှန်သွားပြီနော်။ ခန္ဓာငါးပါးဆို နလုံးသွင်းမမှန်ဘူးလား။

ကဲ ခန္ဓာကို ပြန်ပြီးတော့ ဆန်းစစ်ဖို့ မကောင်းလား။ ရူပက္ခန္ဓာကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား။ ဝေဒနာ ခံစားပြီးတော့ မပျက်လား။ သညာ မှတ်ပြီးမပျက်လား။ စေတနာ စေ့ဆော်ပြီးတော့ မပျက်လား။ ဝိညာဏက္ခန္ဓာ သိပြီးတော့ မပျက်လား။ ခန္ဓာငါးပါး ဖြစ်ပျက်လို့ မဟောဘူးလား။ ဘာသစ္စာလဲ။ ကဲ ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့တရား။ ကဲ ဒုက္ခသစ္စာလို့ အမှန်သိပြီနော်။ အမှန်သိရင် သိပယ်လို့ မဟောဘူးလား။ အမှန်သိတာ သမ္မာဒိဋ္ဌိပေါ့။ လူ ချမ်းသာ၊ နတ် ချမ်းသာ၊ ပြဟ္မာ ချမ်းသာ နလုံးသွင်း မှားတာက မိစ္ဆာဒိဋ္ဌိပေါ့။ အမှန်သိတော့ အမှား မပျောက်လား ။ ကဲ အဝိဇ္ဇာ မချုပ်ဘူးလား။ တဏှာ လာသေးရဲ့လား။ ဥပါဒါန် လာသေးရဲ့ လား။ ကံ လာသေးရဲ့လား။ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး မပျက်လား။ နောက်ခန္ဓာ ဇာတ် မသိမ်းလား။ နိရောဓ သစ္စာ ဗျား။ အဲဒီလို ပဋိစ္စသမုပ္ပါဒ်ကို နားလည်ဖို့လိုတယ်။

ကဲ နိရောဓသစ္စာ ဆိုတဲ့အခါ ကိလေသာ မချုပ်ဘူးလား။ ခန္ဓာ မချုပ်ဘူးလား။ ဤနှစ်ခု ချုပ်တာ နိဗ္ဗာန်ဗျား။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ်ကြ။ အဲဒါလိုရင်း အချက်တွေနော်။ စာကိုလည်း ကြည့်ကြ။ ခန္ဓာဖွဲ့တတ်ဖို့။ သစ္စာဖွဲ့တတ်ဖို့ လိုတယ်။ စက်ဝိုင်းကိုလည်း ထောက် တဲ့အခါမှာ ဒီကနေ ပြီးတော့ မေးခွန်း ထုတ်တဲ့အခါမှာ  အဖြေဟာ သံပြိုင်ကျအောင် လိုတယ်။ အခုက မိမိက အာစေး ထည့်ထားသလို မိမိက ဖြစ်နေပြီကွဲ့။ အသံက မပေါ်ဘူး။ စားပြီး တရား စာအုပ်ကြည့်။ ကြည့်ရင်၊ ကိုယ်က မရှင်းတာ ကိုယ်နဲ့သိတဲ့ ပုဂ္ဂိုလ် မေး။ အဲဒီ စာကြည့်နေတဲ့ အချိန်ကလေးက အကုသိုလ်လား။ ကုသိုလ်။ အဲဒီအခါ ဥဒ္ဓစ္စ တောင်တွေ မြောက်တွေကို ပျံ့သေးရဲ့လား။ သည်မှာ နေတာကွဲ့။ အဲဒါကုသိုလ်။ သာမန်ကုသိုလ် ပေါ့။ ကိလေသာ ချုပ်တာတော့ မဟုတ်ဘူးနော်။ သာမန်။

16.5.2005,(8:00am)16

အဲဒီ ကုသိုလ်ကြောင့် ခန္ဓာတို့၊ အာယတန တို့၊ ဓာတ်တို့၊ သစ္စာတို့ သိသွားမယ်ဆို လူ့စွဲဒိဋ္ဌိ၊ နတ်စွဲဒိဋ္ဌိ၊ ပြဟ္မာစွဲဒိဋ္ဌိ မပြုတ်ဘူးလား။ ဒိဋ္ဌိ ပြုတ်တော့ ခန္ဓာကို ပြန်ဆန်းစစ်ဖို့ မကောင်းလား။ စဉ်းစား။ ငါးပါးစလုံး။ ခန္ဓာငါးပါး စလုံး နိစ္စလား၊ အနိစ္စ။ အနိစ္စ မမြဲခြင်း တရားသည် ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့ တရား။ ဆင်းရဲတဲ့ တရား သုခလို့ ခေါ်မလား။ ဒုက္ခ။ ဟော ဒုက္ခဘဲ တွေ့တယ်နော်။ ကဲဆင်းရဲတာ သာ တွေ့တယ်။ ဆင်းရဲတာက လွဲလို့ တွေ့သေးသလား။ တွေ့တာ လူချမ်းသာလား။ ဒုက္ခသစ္စာ။ နတ်ချမ်းသာလား။ ဒုက္ခသစ္စာ။ ပြဟ္မာချမ်းသာ လား။ ဒုက္ခသစ္စာလား။ ဆင်းရဲတယ်လို့သိတော့ နောင်တဖန် ဒီခန္ဓာမျိုး ရချင်သေးရဲ့လား။ လက်ရှိခန္ဓာ မတွယ်တာဘူးနော်။ နောင်ခန္ဓာ တောင့်တဦးမလား။ အဲဒီနေရာ ရောက်အောင် ကြိုးစား အားထုတ်။

ကဲ ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ။ (ဒုက္ခသစ္စာ ပါဘုရား။) သိတာက ...(မဂ္ဂသစ္စာ ပါဘုရား။) သေတာက ...(သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာ မလာတာ ...။(နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ... (လေးကွက် ရှိပါတယ် ဘုရား။) တစ်ကွက်လျှင် ဘယ်နှစ်ပါး။ (ငါးပါးပါ ဘုရား။) ငါး လေးလီ...။(နှစ်ဆယ်)။ဤရှစ်သွယ်ကို ...။ (အလွယ် ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)(သာဓု)

သာဓု-သာဓု-သာဓု။

..........................................................................................................

ဩဝါဒ။...။ သမ္မုတိသစ္စာ အနေနဲ့ ခေါ်တာ၊ ပြောတာကို မပယ်။ လူလို့ ထင်တယ်။ ရှိတယ်လို့ ယူတယ်။ အဲဒါကို ပယ်တာ။လူလို့ ခေါ်တယ်။နတ်လို့ ခေါ်တယ်။ပြဟ္မာလို့ ခေါ်တယ်။ ခေါ်တာကို မပယ်ဘူး။ လူလို့ ထင်တယ်။ နတ်လို့ ထင်တယ်။ ပြဟ္မာလို့ ထင်တယ်။ အဲဒီ အထင်ကို ပယ်တယ်။ တွေ့တာက နာမ်နဲ့ရုပ်။ ထင်တာက လူ၊နတ်၊ပြဟ္မာ။ တွေ့တာကို အမှန် မယူရဘူး လား။ အမှန် သိတော့ အမှား ပျောက်တယ် မဟောလား။ အဲဒါကို ဒိဋ္ဌိပြုတ်တယ် ပြောတာ။ အဲဒါကို လေ့လာ။ အဲဒါ လေ့လာ။ အဲဒါကို နာမ်ရုပ်ကို သိဖို့ လိုတယ်။

နာမ်ရုပ်ကို တွေ့ပြီ ဆိုကာ ဟော အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ နာမ်ရုပ်ကလွဲလို့ မရှိဘူး။ ဖြစ်တာ အနိစ္စ၊ ပျက်တာ အနိစ္စ ဆိုတာတွေဟာ နာမ်ရုပ်ပဲ ဖြစ်မယ်။ နာမ်ရုပ်ပဲ ပျက်မှာပဲ။တခြားက ပျက်ပဲ့ မလား။ အဲ အခု နာမ်ရုပ်ကိုက မတွေ့တာ။ အနိစ္စက အရင်ကျကျနေတာ။ ဒိဋ္ဌိ ဘယ်ပြုတ်လိမ့် မလဲ ဟဲ့။

ဒါကြောင့် ဆန္ဒရဟန်းဟာ မြတ်စွာဘုရားနဲ့ ဖွားဖက်တော် လေးဆယ့်ငါးနှစ် ကြာတယ်။ ဘုရား ပရိနိဗ္ဗာန်ပြုတယ်။ သောတာပန် မတည်ဘူး။ ဘာကြောင့်မတည်တာလဲ။ သက္ကာယဒိဋ္ဌိ မပြုတ် လို့။ ဉာတပရိညာ မပါ။ တီရဏပရိညာနဲ့ ပဟာနပရိညာ။ ဖြစ်ပျက်ပဲ လုပ်နေတာ ဗျား။ ဒိဋ္ဌိ မပြုတ်ဘဲ

လုပ်တော့ ငါသိ ငါပျက်ပွဲ့။ ငါ တစ်လုံးက ကျန်နေတာ။ ဒါကြောင့် ငါပါရင် အရာရာ ရှုပ်ထွေး။ သွားလေရာ ဒုက္ခပေးတဲ့ ဧည့်သည်ရဲ့ ခွေး တဲ့ဗျား။ စာအုပ်ကြည့်ကြ-စာအုပ်ကြည့်ကြ။